NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER May 2019

NEWS

## မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး




မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း (MGMA) သည် အသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် UMFCCI မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စက်မှုဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဟန်၊ ရန်ကုန်နည်းပညာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ အင်းစိန် အစိုးရ စက်မှုလက်မှုသိပ္ပံ (Insein GTI) ကျောင်းအုပ်ကြီး ဦးမြတ်ကို၊ UMFCCI ဥက္ကဌ ဦးဇော်မင်းဝင်း နှင့် MGMA ဥက္ကဌ၊ ဒုဥက္ကဌများ၊ အထွေထွေ အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်စက်ရုံများမှ ကိုယ်စားလှယ်များ နှင့် အခြား ဂုဏ်သရေရှိ လူကြီးလူကြီးလူကောင်းများ တက်ရောက်ခဲ့ကြသည်။

MGMA ဥက္ကဌ ဦးမြင့်စိုး က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အသင်း၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုများ၊ လက်ရှိဆောင်ရွက်လျှက်ရှိသော အကြောင်းအရာများကို အတိုချုံးဖော်ပြပြောဆိုခဲ့သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး ဦးအောင်ထူး က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Fully Online License System ၏ အောင်မြင်မှုများကို ချီးမွမ်းပြောဆိုခဲ့သည်။ UMFCCI ဥက္ကဌ ဦးဇော်မင်းဝင်း ကလည်း အမှာစကားပြောကြားခဲ့သည်။ MGMA ၏ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က အသင်း၏ လက်ရှိဆောင်ရွက်လျှက်ရှိသော အကြောင်းအရာများကို ရှင်းလင်းပြောဆိုခဲ့သည့်အပြင် အသင်း၏ ငွေစားရင်းရှင်းတမ်းနှင့် ဘဏ္ဍာရေး အခြေအနေတို့ကိုလည်း ဖတ်ကြားတင်ပြခဲ့ရာ တက်ရောက်လာကြသော အသင်းသားများ၏ သဘောတူထောက်ခံချက်ကိုရရှိခဲ့သည်။ ထို့နောက် MGMA ၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့သည်။













## 2nd MGMA Members' Day

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် အသင်းသားများ အချင်းချင်းအကြား နှင့် အသင်းသားများနှင့် အသင်းအကြား ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းသားများနေ့ (2nd MGMA Members' Day) ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင်၊ Sedona Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားကို အသင်း၏ ဒုတိယ ဥက္ကဌများ ဖြစ်ကြသော ဒေါက်တာအောင်ဝင်း နှင့် ဦးကျော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ တွဲဖက်အတွင်းရေးမှူး

များ၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အသင်းဝင်စက်ရုံများမှ ပိုင်ရှင်များ၊ မန်နေဂျင်း ဒါရိုက်တာများ၊ စီမံခန့်ခွဲရေးဌာန အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။




မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း ဒုတိယ ဥက္ကဌ ဒေါက်တာအောင်ဝင်း က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က အထည်ချုပ်လုပ်ငန်းကဏ္ဍ လက်ရှိအခြေအနေ နှင့် CMP လုပ်ငန်းများ စိုးရိမ်လျှက်ရှိသော GSP EBA အကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ အသင်း၏ အလုပ်သမားရေးရာ အရာရှိ ဦးမင်းစိုးဟန် မှလည်း Employers' Package ၏ လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ Employers' Package ကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြုလုပ်သော ပထမအကြိမ်မြောက် အသင်းသားများနေ့ အခမ်းအနားတွင် တရားဝင် ကြေငြာ၍ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။





Panel Session တွင် ဒုတိယ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးထွန်းထွန်း နှင့် ဦးအောင်မျိုးဟိန်း တို့က အသင်းသားများ မေးမြန်းသည့် မေးခွန်းများကို ကောင်းစွာ ဖြေကြားခဲ့ကြသည်။ ထို့နောက် ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း အသင်းသားများနေ့ (2nd MGMA Members' Day) အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

## Buyers' Forum















မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ Smart Myanmar နှင့် Foreign Trade Association of German Retailers - AVE တို့ ပူးပေါင်း၍ 2019 Buyers' Forum ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် Sedona Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ ဖြစ်ပေါ်တိုးတက်လျှက်ရှိသော အခြေအနေများကို ဆွေးနွေးကြရန် နှင့် အထည်ချုပ်လုပ်ငန်းရှင်များနှင့် Buyer များ တွေ့ဆုံနိုင်ရန် ရည်ရွယ်ကျင်းပသည့် Buyers' Forum ကို စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒါရိုက်တာ ဦးမျိုးသူ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ ပညာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နေမျိုးထွန်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် ဥက္ကဌ ဦးမောင်မောင်၊ ပြည်တွင်းပြည်ပ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NGO၊ INGO များမှ ကိုယ်စားလှယ်များ၊ Brand ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် အခြား သက်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က "Myanmar Apparel Industry in 2019" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ EuroCham Myanmar မှ ဒါရိုက်တာ Filip Lauwerysen က "Trade and Investment with the EU, trends and considerations" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။ "Trade and Business" ၊ "Skills development and Training needs" နှင့် "Industrial Relations and Social Compliance" ခေါင်းစဉ်များဖြင့် အုပ်စုဖွဲ့ ဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့သည်။ ညနေပိုင်းတွင် Panel Session ဆွေးနွေးမှုများပြုလုပ်ပြီး အခမ်းအနားပြီးဆုံးခဲ့သည်။

PRIORITY

## စက်မှုဇုန် ဥပဒေကြမ်း

စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုဇုန်များကို စနစ်တကျစီမံခန့်ခွဲရန် ရည်ရွယ်သည့် စက်မှုဇုန် ဥပဒေကြမ်း ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားပြီဖြစ်သည်။ ဥပဒေကြမ်းတွင် ရင်းနှီးတည်ဆောက်သူ၏ တာဝန် နှင့် လုပ်ပိုင်ခွင့်များ နှင့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်နှင့် ကင်းလွတ်ခွင့်များကို အခန်းတစ်ခန်းစီဖြင့် သီးခြားပြဌာန်းထားပြီး မြေအသုံးပြုခြင်းကိုလည်း အခန်းတစ်ခန်းအဖြစ် သီးခြားပြဌာန်းထားသည်။ စက်မှုဇုန်ဥပဒေကြမ်း(မြန်မာဘာသာ) ကို Download ရယူရန်။

## အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ဥပဒေနှင့် နည်းဥပဒေများ စာမျက်နှာတွင် ၁၉၅၉ ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေး ဥပဒေကို (**) အမှတ်အသားပြ၍ "အလုပ်ခန့်ထားမှု ကန့်သတ်ရေး ဥပဒေနှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအဖြစ် ဥပဒေ (၂) ခု ရေးဆွဲလျှက်ရှိသည်" ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ရေးဆွဲလျှက်ရှိသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသည် "အလုပ်ကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေသစ် မူကြမ်း" ကို ပဉ္စမအကြိမ်မြောက် ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ခဲ့သည်။ အစည်းအဝေးပွဲကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ရန်ကင်း၊ အလုပ်သမား လေ့ကျင့်ရေး သင်တန်းကျောင်း၌ ပြုလုပ်ခဲ့ပြီး

အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် နှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်ရှင် အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဥပဒေမူကြမ်းတွင် အလုပ်ရှင်အနေဖြင့် အလုပ်သမားများအား ပေးချေရသော အခြေခံလစာငွေ၏ ၀.၅% ကို ကျွမ်းကျင်မှု လေ့ကျင့်ရေး ရန်ပုံငွေသို့ ထည့်ဝင်ကြေးအဖြစ် လစဉ်ပေးသွင်းရမည်ဟု သတ်မှတ်ဖော်ပြထားသည်ကို မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးထွန်းထွန်း မှ ပြည်တွင်း လုပ်ငန်းရှင်တချို့ အတွက် အခက်အခဲရှိနိုင်သည့်အတွက် ၀.၅% အစား ၀.၂% ထက်မနည်း ထည့်ဝင်ကြေးပေးသွင်းရမည်ဟု သတ်မှတ်ပြဋ္ဌာန်းပေးရန် ဆွေးနွေးတင်ပြခဲ့သည်။ ထို့ပြင် တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ခြင်းကြောင့် အရေးယူဆောင်ရွက်ရာတွင် “ရဲအရေးပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်ဆောင်ရွက်ရမည်” ဟု ရေးသားထားခြင်းကိုလည်း ဦးထွန်းထွန်း မှပင် လုပ်ငန်းရှင်များအပေါ် အကျိုးသက်ရောက်သည့် ပုဒ်မများနှင့် သက်ဆိုင်ခြင်းမရှိအောင် ပြင်ဆင်ပေးရန် ဆွေးနွေးတောင်းဆိုခဲ့သည်။ ၎င်းက အလုပ်ရှင်များအနေဖြင့် ယခုကဲ့သို့သော အလုပ်သမား ဥပဒေတစ်ခုကို တစ်ကြိမ်ချိုးဖောက်မိရုံဖြင့် ရဲအဖမ်းခံရမည်ကို စိုးရိမ်မိကြောင်းထောက်ပြပြောဆိုခဲ့သည်။

## ACTIVITY

### အထည်ချုပ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး

အထည်ချုပ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ လုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရန် ၎င်းအဖွဲ့အစည်းများအချင်းချင်း ၆ လတစ်ကြိမ် အစည်းအဝေးပြုလုပ်ကြသည်။ အစည်းအဝေးကို သက်ဆိုင်ရာ အဖွဲ့အစည်းများ အလှည့်ကျ စီစဉ်ကျင်းပခြင်းဖြစ်ရာ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် Foreign Trade Association of German Retailers - AVE နှင့် ပူးပေါင်းလျက် “အထည်ချုပ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး” ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် Insein GTI ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်၌ စီစဉ်ကျင်းပခဲ့သည်။
အစည်းအဝေးတွင် MGMA မှ လက်ရှိဆောင်ရွက်လျှက်ရှိသော MGMA Employers' Package အကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အခြား အဖွဲ့အစည်းများအသီးသီးမှလည်း လက်ရှိဆောင်ရွက်လျှက်ရှိသော လုပ်ငန်းပရောဂျက်များ အကြောင်း ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

### Communication/Public Relation Officer ခန့်ထားခြင်း

အထည်ချုပ်ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိသော မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း MGMA သည် ၂၀၁၉ ခုနှစ် မေလအတွင်း Communication/Public Relation Officer ၊ Finance Officer/Accountant နှင့် Training Center Director ရာထူးနေရာများအတွက် လူတွေ့စစ်မေးမှုများ ပြုလုပ်ခဲ့သည်။ Communication/Public Relation Officer ရာထူးနေရာအတွက် ကိုချမ်းမြေ့အောင် (Contact No. 09773736790) ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှ စတင်ခန့်ထားခဲ့သည်။

### TRAINING

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း MGMA သည် စက်မှုဝန်ကြီးဌာန နှင့် ပညာရေးဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် သင်တန်းများ ပို့ချပေးလျှက်ရှိသည်။ အမှတ် 400/B၊ အောက်မင်္ဂလာဒုံလမ်း၊ စဉ့်ငူရပ်ကွက်ရှိ Myanmar Garment Human Resource Development Center (MGHRDC) တွင် အခြေခံ စက်ချုပ်သင်တန်းများ

ဆက်လက်ပို့ချပေးလျှက်ရှိပြီး Insein GTI ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏဆောင်ပထမထပ်တွင်လည်း Garment Skill Development (ToT) သင်တန်းကို ပို့ချပေးလျှက်ရှိသည်။ Garment Skill Development (ToT) သင်တန်းသည် ၁ လသင်တန်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်တွင် စတင်ခဲ့ပြီး ဇွန်လ ၁၂ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

MGMA Employers' Package ၏ ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သည့် သင်တန်းပို့ချခြင်း ဝန်ဆောင်မှုကို Six Months Training Calendar အတိုင်း ဆက်လက်ပြုလုပ်လျှက်ရှိရာ "Dealing with Absenteeism & Turnover" နှင့် "Preapring for Audit" သင်တန်းများကို ၂၀၁၉-၀၄-၂၇ နှင့် ၂၀၁၉-၀၅-၂၅ ရက်နေ့များတွင် အင်းစိန် GTI ကျောင်းဝန်းအတွင်းရှိ ဒက္ခိဏကျောင်းဆောင် ပထမထပ်၌ ပြုလုပ်ခဲ့သည်။






## UPCOMING EVENTS

Meeting & Conference

| Sr. | Description | Date | Place |
|---|---|---|---|
| 1. | Seminar in Collaboration with AYA Bank and TUV Rheinland<br>• Introducing AYA Green Financing and SME Loans by AYA Bank<br>• Understanding updated requirements for social compliance audits of common CSR schemes, Presented and updated local laws and requirements on labour by TUV Rheiland | 7th June 2019,<br><br>1:00PM to 2:45PM<br><br>3:15PM to 5:00PM | 1st Floor, Dakkhina Building, Insein GTI |

| Sr. | Description | Date | Place |
|---|---|---|---|
| 2. | ASEAN Federation of Textile Industrial 42nd Council Meeting & 39th Palenary Session (6 MGMA EC Members will attend) | 26-28 June 2019 | Sokha Hotel & Residences Phnom Penh, Cambodia |
| 3. | 2019 Belt and Road Expo for China Products | 16-18 Aug 2019 | Yangon Convention Center 37, Kabar Aye Pagoda Road, Mayangone Tsp. |

Training

| Sr. | Title | Date | Place |
|---|---|---|---|
| 1. | Basic of Occupational Safety & Health (Service by Employers' Package) | 8 June 2019 1:30pm to 4:30pm | 1st Floor, Dakkhina Building, Insein GTI Compound |
| 2. | Improving Productivity (Service by Employers' Package) | 15 June 2019 1:30pm to 4:30pm | 1st Floor, Dakkhina Building, Insein GTI Compound |
| 3. | Forming and Functioning of WCC (Service by Employers' Package) | 22 June 2019 1:30pm to 4:30pm | 1st Floor, Dakkhina Building, Insein GTI Compound |

## NEW MEMBERS IN JUNE 2019

| Number of New Factories in September 2018 | | 0 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| China | 4 | 3650 |
| Cambodia | | |
| **TOTAL** | 4 | 3650 |

## MEMBERSHIP UPDATE AS OF 2019-05-31

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 111 | 73341 |
| | Chinese | 209 | 191023 |
| | Korea | 62 | 58225 |
| | Japan | 19 | 54462 |
| | Others | 134 | 68578 |
| Inactive | All | 89 | 0 |
| TOTAL | | 624 | 445629 |